# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ၂၂ ရက်မြောက်နေ့ အစီအစဉ်

# [ ၁-၇-၂၀၁၄ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ဘူးသီးတောင်-မောင်တော လမ်းပေါ်ရှိ လိုဏ်ဂူငယ်လမ်းအား ရှောင်ကွင်းလမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **လက်ပံတန်း-ကျွန်းကလေး-ကမ်းပြိုကြီး ကတ္တရာလမ်းဟောင်းအား ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ယူ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကြည်သာ၊ ဂွ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် နေ့စဉ်ထွက်ရှိသော ရေနံစိမ်းနှင့် နေ့စဉ်သုံးစွဲနေသော လောင်စာဆီပမာဏမှာ များစွာ ကွာခြားလျက်ရှိရာ အနာဂတ်စွမ်းအင် လုံခြုံရေးအတွက် မည်သည့် ပေါ်လစီများ ချမှတ်ထားသည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန် မဲဆန္ဒနယ်၏ **အခြေခံအဆင့်နှင့် အဆင့်မြင့် ပညာတက္ကသိုလ်များတွင် Logic (ယုတ္တိဗေဒ) နှင့် Ethics (ကိုယ်ကျင့်တရား) ပညာကို သင်ကြားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ ငွေချေးခြင်းလုပ်ငန်း အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ယခုထက် ပိုမို အားကောင်းသည့်စနစ်တစ်ခုကို ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမောင်မောင်တင်၊ ရေကြည် မဲဆန္ဒနယ်၏ **ရေကြည်မြို့နယ်၊ ကညင်ငူ–နွားရေတိုက်–ငါးတဲစု ကျေးရွာချင်းဆက် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးယော်ဒီဒွေ့၊ ပူတာအို မဲဆန္ဒနယ်၏ **ပူတာအိုမြို့ပေါ်နှင့် နမ်ထွမ်ရူး ကျေးရွာအုပ်စုတို့ ဆက်သွယ်ထားသော လမ်းနှင့် တံတားများကို ရာသီမရွေးသွားလာနိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးဇောင်းခေါင်၊ ဆော့လော် မဲဆန္ဒနယ်၏ **ဆော့လော်မြို့နယ်ရှိ ဘုတ်ဝေါ်ရွာနှင့် ဝဟောင်ရွာတို့ ဆက်သွယ်ထားသော လူသွားလမ်းကို ဆိုင်ကယ်လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးမောင်တိုး၊ မင်းလှ မဲဆန္ဒနယ်က **“ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၇။ **“ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ က အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၈။ ဦးမောင်တိုး၊ မင်းလှ မဲဆန္ဒနယ်က တင်သွင်းသည့် **“ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ၂၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၃ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။